Burmese Version
2008

ကြမ်းပိုးများ

ကျွန်ုပ်၏ အိမ်(ဝါ)တိုက်ခန်းတွင်ကြမ်းပိုးများရှိပါက၊ ဘယ်လိုသိနိုင်မလဲ?

- ဤပုံတွင် မြင်ရသည့်အတိုင်းသင့်အိမ်တွင် ၎င်းပိုးကောင်ကိုတွေ့ရမည်၊

- သင့်အိမ်မှာနေထိုင်သောသူတဦးဦး ပိုးမွှားအကိုက်ခံရမည်၊

ကျွန်ုပ်၏အိမ်တွင်ကြမ်းပိုးရှိသည်ဟုထင်ပါက ကျွန်ုပ်ဘာလုပ်ရမည်နည်း?

သင်၏ ငှားအိမ် (ဝါ) ငှားအိမ်ခန်း များတွင်တွေ့ရှိပါက အိမ်ငှားပိုင်ရှင် နှင့် ငှားအိမ်ခန်း မန်နေဂျာ ကို ပြောပြပါ၊ သူတို့သည် သင်၏ အိမ်ခန်းအတွက် သင့်တော် သော ကြမ်းပိုးအမြစ်ဖြုတ်ရန်ဆောင်ရွက်မှုများပြုလုပ်ပေးရမည်၊ လျင်မြန်စွာ အောက်ပါ နည်းလမ်းသုံးမျိုးဖြင့်ဆောင်ရွက်ပါ။ ထိုမှသာ သင်သည် ၎င်း ကြမ်းပိုး များကိုအမြစ်ဖြုတ်နိုင်၍ အိမ်နီးနားချင်းများသို့ ကူးစက်မှုမရှိရန် ကာကွယ်ခြင်းတခုဖြစ်သည်။

၁၊ ကြမ်းပိုးရှိနိုင်၊ ပိုးအောင်းနိုင်သောနေရာများကိုလိုက်ရှာပါ၊ ကြမ်းပိုးများကိုတွေ့ရှိနိုင်သောနေရာများမှာ၊

- အိမ်ထောင်ပရိဘောဂများ၏အောက်၊ အကြား နှင့် အနောက်တွင်တွေ့မြင်နိုင်ပါသည် (မွေ့ရာများ၊ ဆိုဖါများ၊ အဝတ်အစားများကိုထည့်သောအံဆွဲများအထဲတွင်)
- မီးအိမ်များ ရေဒီယိုများနှင့် ဖုန်းများအောက်တွင်တွေ့နိုင်ပါသည်၊
- နံရံများနှင့် နံရံများတွင်ချိတ်ဆွဲထားသော ဓါတ်ပုံများမှန်များနှင့် ကလားကာအနီးအနားတွင်တွေ့နိုင်သည်၊
- အဝတ်အစားများအပေါ် တွင် ၎င်းအထုပ်အပိုးနှင့်အဝတ်အစားထည့်ထားသောအခန်းငယ်ထဲတွင်တွေ့ရှိနိုင်ပါသည်၊

၂၊ ကြမ်းပိုးများခိုအောင်းသောနေရာများတွင်ပိုးမွှားသုတ်သင်သော သူများနှင့်အတူတကွနေရာအားလုံးကိုသေချာစွာဆေးစေပါ။

- အိမ်ထောင်ပရိဘောဂများကို တစစီဖြုတ်ပြီး ကူညီဆေးကြောပါ၊ သို့မှသာ သင်၏တိုက်ခန်းကိုပိုးမွှားသုတ်သင်သောသူများသည်ပြီးပြည့်စုံစွာဆေးဖြန်းနိုင်မည်ဖြစ်သည်၊
- အကယ်၍ထပ်မံ၍ပိုးမွှားသတ်ဆေးများကိုဝယ်ယူလိုပါက အမြဲတန်းအညွှန်းစာကိုဖတ်ရှုပြီး ညွှန်ကြားချက်အတိုင်းလိုက်နာလုပ်ဆောင်ပြီး ညွှန်ကြားချက်အတိုင်းလိုက်နာလုပ်ဆောင်ပါ၊ အထူးသဖြင့်အန္တရာယ်ရှိသောအနာအားလုံး နှင့် သင့်ကလေး တို့ ထိမှုမရှိအောင်သတိထားပါ၊
- သင်၏အိမ်ထောင်ပရိဘောဂအတွက်၊ အိမ်ထောင်ပရိဘောဂအတွက်အညွှန်းပေးထားသောဆေးဝါးများကိုသာအသုံးပြုပါ၊
- များသောအားဖြင့်ဆေးဖြင့်ဖြန်းပြီး တရက် နှစ်ရက်အတွင်းထပ်မံပက်ဖြန်းရမည်ဖြစ်သည်၊

၃၊ သင့်အိမ်အတွင်းမှပစ္စည်းများကိုသေချာစွာသန့်စင်စေကာပိုးမွှားအလွန်များပြားသောပရိဘောဂများအထူးသဖြင့်မွေ့ရာများနှင့်ဆိုဖါများကိုလွှင့်ပစ်ပါ၊

- သင့်ပစ္စည်းများကိုသေချာစွာဆေးကြောသန့်စင်ရမည်၊ ဥပမာ၊ ပရိဘောဂများအိမ်တွင်းသုံးပစ္စည်းများစားစရာများနှင့်အဝတ်အစားများ၊
- တိုက်ခန်း မန်နေဂျာနှင့်သင့်၏ပိုးမွှားများပြားလွန်းသောအိမ်ထောင်ပရိဘောဂများကိုမည်သို့စွန့်ပစ်ရမည်ကိုစကားပြောပါ၊
- အသုံးပြုပြီးသောအိမ်ထောင်ပရိဘောဂ များနှင့်မည်သည့်နေရာမှလာမှန်းမသိသောမွေ့ရာများကိုအထူးသတိပြုဆင်ခြင်ပါ၊

ကြမ်းပိုးများသည် ကျွန်ုပ်အားဖျားနာအောင်လုပ်နိုင်ပါသလား?

ကြမ်းပိုးများသည်ရောဂါသယ်ဆောင်ခြင်းမပြုလုပ်ပါ၊ သို့သော် သူတို့ကိုက်သောအခါယားယံစေပြီးသူတို့ကိုက်သော နေရာတွင်အရေပြားတွင်အင်ပြင်ဖြစ်စေနိုင်ပါသည်၊ (ယားယံခြင်း၊ ရောင်ရမ်းခြင်းနှင့်ပူစပ်ပူလောင်ဖြစ်မည်) အကယ်၍ ကြမ်းပိုးကိုလက်နှင့်ဖိမိပါက ရောဂါမဖြစ်ပွါးအောင်သေချာစွာဆေးကြောပါ၊

Information gathered from a document prepared by Michael Waldvogel and Charles Apperson, Entomology Extension Specialists, North Carolina.
Developed by the Orange County Health Department, North Carolina.